
ဘဝပေါင်းများစွာ
ပြန်လည်ဝင်စားသူ
စာစဉ် - ၂၂
ဘာသာပြန်
နေတာရှ

ဘဝပေါင်းများစွာ ပြန်လည်ဝင်စားသူ
(စာစဉ်-၂၂)

## အခန်း (၂၁၁)
## မင်း ငါ့ကို ဆရာလို့ ခေါ်သေးတာပဲ

*

ရှောင်မိုက ယွီယွင်ဝေ့ကို အနန္တတာအိုဂိုဏ်းသို့ ကျောပိုး၍ ပြန်ခေါ်လာခဲ့လေသည်။ ဆေးခန်းမဆောင်တွင် ရိုးရှင်းသော ကုသမှုအချို့ကို ခံယူပြီးနောက် တာဝန်ပြီးမြောက်ကြောင်း သတင်းပို့ရန် အထွေထွေကိစ္စရပ်များခန်းမဆောင်သို့ သူ ထွက်ခွာသွားလေသည်။

ယွီယွင်ဝေ့က ဟေးယွင်တောင်ပေါ်တွင် ဖြစ်ပျက်ခဲ့သမျှ အရာအားလုံးကို ဖုံးကွယ်ထားရန် မလိုဘဲ အမှန်အတိုင်း ဖြေကြားခဲ့လေသည်။

ယွီယွင်ဝေ့က တာဝန်ပြီးမြောက်ကြောင်း သတင်းပို့ပြီးနောက် အထွေထွေကိစ္စရပ်များ ခန်းမဆောင်မှ တာဝန်ရှိသူတစ်ဦးကို ဟေးယွင်တောင်သို့ စေလွှတ်ကာ ယွီယွင်ဝေ့သည် အတင်းအကျပ် ခုခံခဲ့ရခြင်းလား သို့မဟုတ် ရတနာများအတွက် ဂိုဏ်းတူများကို ခိုးကြောင်ခိုးဝှက် သတ်ဖြတ်ခဲ့ခြင်းလား ဆိုသည်ကို စုံစမ်းစစ်ဆေးစေမည် ဖြစ်သည်။

သို့သော် ယွီယွင်ဝေ့က ရတနာများအတွက် ဂိုဏ်းတူများကို အန္တရာယ်ပြုခဲ့လျှင်တောင်မှ နောက်ဆုံး စုံစမ်းစစ်ဆေးမှု ရလဒ်မှာ များသောအားဖြင့်

လူလေးယောက် အချင်းချင်း တိုက်ခိုက်ကြပြီး ယွီယွင်ဝေ့မှာ မိမိကိုယ်ကိုယ် ကာကွယ်ရန် အတင်းအကျပ် ခုခံခဲ့ရသည် ဟူ၍သာ ထွက်ပေါ်လာလေ့ရှိသည်။

မည်သို့ပင်ဆိုစေ ယွီယွင်ဝေ့က အသက်ရှင်လျက် ပြန်လာနိုင်ခဲ့ပြီး သူတို့က သေဆုံးသွားခဲ့ကြပြီ ဖြစ်သည်။

သေသွားသောလူများက စကားမပြောနိုင်ချေ။ အသက်ရှင်နေသူများကတော့ ကြိုက်သလို ပြောဆိုနိုင်လေသည်။

သို့သော် ဤတာဝန်မှ ပြန်လာပြီးနောက် ယွီယွင်ဝေ့က အရင်ကထက် အနည်းငယ် ကွဲပြားသွားပုံရကြောင်း ရှောင်မို သတိထားမိလိုက်လေသည်။

ဘယ်လိုပြောရမလဲ။

သူမ၏ စရိုက်လက္ခဏာက အနည်းငယ် ပြောင်းလဲသွားပုံရလေသည်။

အသိသာဆုံးကတော့ ယွီယွင်ဝေ့ စာသင်သည့်အခါ သူမက အကြိမ် အနည်းငယ် ညည်းညူတတ်သေးသော်လည်း အရင်ကထက် စာသင်ကြားရာတွင် ပိုမို တက်ကြွလာခဲ့လေသည်။

ရှောင်မိုက သူမကို ထုံးတမ်းစဉ်လာများ သင်ကြားပေးချိန်တွင်လည်း သူမက အနည်းငယ် ပို၍ အလေးအနက်ထားလာလေသည်။

အစပိုင်းတွင် ရှောင်မိုက ယွီယွင်ဝေ့ လှည့်ကွက်အသစ် တစ်ခုခုများ သုံးနေသလားဟု တွေးတောမိပြီး နေ့စဉ် သတိကြီးစွာ ထားနေခဲ့လေသည်။

သို့သော် တဖြည်းဖြည်းနှင့် သူမက အရင်ကထက် တကယ်ကို တော်တော်လေး ပြောင်းလဲသွားခဲ့ကြောင်း ရှောင်မို သိလာရလေသည်။

အထူးသဖြင့် ရှောင်မိုက ယွီယွင်ဝေ့၏ စာမေးပွဲ အမှတ်များကို စစ်ဆေးပြီးစီးသွားသောအခါ အလွန်ကောင်းမွန်သောဖြေဆိုမှု ဟူသော

အမှတ်အသားကို ကြည့်ရင်း ယွီယွင်ဝေ့မှာ အမှန်တကယ်ပင် ပျော်ရွှင်နေတတ်လေသည်။

ထို့နောက် သူမက ရှောင်မိုကို မေးလေ့ရှိသည်၊

"ခွေးဂိုဏ်းတူအစ်ကို၊ ဘယ်လိုလဲ။ ကျွန်မက အရမ်းတော်တယ် မဟုတ်လား"

ရှောင်မိုက မူလက သူမကို ဂရုမစိုက်ချင်ခဲ့ချေ။

သို့သော် ရှောင်မိုသာ သူမကို မဖြေပါက သူမက အဆက်မပြတ်ဆက်တိုက်မေးနေတော့မည် ဖြစ်သည်။

နောက်ဆုံးတွင်တော့ ရှောင်မိုမှာ ရွေးချယ်စရာမရှိတော့ဘဲ ပြန်ဖြေရုံသာတတ်နိုင်တော့သည်၊ "တော်တော်လေး ကောင်းပါတယ်"

ရှောင်မို၏ ချီးကျူးစကားကို ကြားသောအခါ ယွီယွင်ဝေ့က ပို၍ပင် ပျော်ရွှင်သွားပြီး လမ်းလျှောက်သည့်အခါတိုင်း ခုန်ပေါက်နေတတ်လေသည်။

အနီးအနားတွင် ရှိနေသော သွေးမိစ္ဆာက ဤမြင်ကွင်းကို မယုံကြည်နိုင်သော မျက်လုံးများဖြင့် စောင့်ကြည့်နေလေသည်။

သွေးမိစ္ဆာက နေ့စဉ်နေ့တိုင်း အိပ်လိုက် သောက်လိုက်ဖြင့်သာ အချိန်ကုန်ဆုံးလေ့ရှိပြီး သူမ၏ တပည့်နှစ်ဦးကို ရံဖန်ရံခါမှသာ လမ်းညွှန်ပြသပေးလေ့ရှိသော်လည်း သူမ၏ ဒုတိယတပည့် ၏ စရိုက်ကို အလွန်ကောင်းမွန်စွာ သိရှိထားလေသည်။

ယွင်ဝေ့မှာ နှလုံးသားထဲတွင် အလွန်အမင်း မောက်မာသူဖြစ်ရာ သူမ၏ ဆရာဖြစ်သော သွေးမိစ္ဆာမှလွဲ၍ အခြားမည်သူ့ကိုမျှ အရှုံးပေး လက်ခံရန်မှာ မဖြစ်နိုင်သလောက်ပင်။

သွေးမိစ္ဆာ၏ အမြင်တွင် ယွင်ဝေ့က ရှောင်မိုကို အမြဲတမ်း ပစ်မှတ်ထား

နေရခြင်း၏ အကြောင်းရင်းတစ်စိတ်တစ်ပိုင်းမှာ သူမက ရဲရှယ်တောင်ထွတ်၏ တစ်ဦးတည်းသော တပည့်ဖြစ်ချင်ပြီး အရင်းအမြစ်များအားလုံးကို လက်ဝါးကြီးအုပ်ချင်သောကြောင့် ဖြစ်ပြီး နောက်တစ်စိတ်တစ်ပိုင်းမှာမူ ယွင်ဝေ့က မည်သူ့ကိုမျှ ဂိုဏ်းတူအစ်ကိုအဖြစ် အသိအမှတ်မပြုချင်ဘဲ သူမကသာ ဂိုဏ်းတူအစ်မ ဖြစ်ချင်သောကြောင့်ပင်။

ဒါပေမယ့် အခုတော့..

ယွင်ဝေ့က ဘာလို့ ယဉ်ပါးသွားတဲ့ ကြောင်လေးတစ်ကောင်လို ဖြစ်နေရတာလဲ။

ယွင်ဝေ့က တစ်ခါတစ်ရံ ရှောင်မိုကို သွားဖြဲပြတတ်ပြီး တစ်ခါတစ်ရံ သူမ၏ လက်သည်းလေးများကို ထုတ်ပြတတ်သေးသော်လည်း ယခင်ကလို သူ့ကို အမှန်တကယ် ကိုက်ဖြတ်ရန် မကြိုးစားတော့ချေ။

"ငါ့ကို ပြောစမ်း၊ အဲဒီတုန်းက ဟေးယွင်တောင်ပေါ်မှာ မင်းနဲ့ ယွင်ဝေ့ကြား ဘာတွေများ အတိအကျ ဖြစ်ခဲ့တာလဲ" သွေးမိစ္ဆာက သိချင်စိတ်ပြင်းပြလွန်းသဖြင့် ယွင်ဝေ့ မရှိချိန်တွင် ရှောင်မိုကို တိတ်တဆိတ် မေးလိုက်လေသည်။

"ကျွန်တော် ပြောပြီးပြီ မဟုတ်ဘူးလား။ သူ့အသက်ကို ကယ်ခဲ့ရုံပါပဲ" ဟု ရှောင်မိုက တည်ငြိမ်စွာ ပြန်ဖြေလိုက်လေသည်။

"ဒါပဲလား" သွေးမိစ္ဆာက တစ်ခုခု လွဲချော်နေသည်ဟု ခံစားနေရဆဲပင်။

ယွင်ဝေ့လို စရိုက်မျိုးရှိတဲ့ ကလေးတစ်ယောက်က တစ်ကြိမ် ကယ်တင်ခံလိုက်ရုံနဲ့ ဘယ်လိုလုပ်ပြီး ဒီလောက်တောင် အကြီးအကျယ် ပြောင်းလဲသွားနိုင်မှာလဲ။

"စာဖတ်တာက အကျိုးသက်ရောက်မှု တစ်ခုခုများ ရှိသွားတာ ဖြစ်နိုင်ပါ

တယ်။ ပြီးတော့ အခုဆို သူက အမှားအမှန်ကို ခွဲခြားနားလည်နေပြီလေ" ရှောင်မိုက ရှင်းပြလိုက်ပြီး သွေးမိစ္ဆာကို တစ်ချက် လှမ်းကြည့်လိုက်သည်၊

"ခင်ဗျားကရော ဘယ်လိုလဲ။ စာလေးဘာလေး ဖတ်ချင်သေးလား"

သွေးမိစ္ဆာက သူမ၏ မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ် လုပ်လိုက်ပြီး အသက်ထောင်ချီ ကြီးနေပြီ ဖြစ်သော်လည်း မိန်းကလေးငယ်တစ်ဦး အလား အပြစ်ကင်းစင်ဟန် ဆောင်လိုက်သည်၊ "ဒါပေမယ့် ငါလည်း စာအုပ်တွေ ဖတ်နေတာပဲလေ"

ရှောင်မို၏ မျက်ခုံးများ တွန့်ချိုးသွားလေသည်။

သူက ကဗျာကျမ်းကို သူမ၏ ရင်ခွင်ထဲသို့ ပစ်ထည့်ပေးလိုက်သည်၊ "ဒါကို ပိုဖတ်၊ ဧကရာဇ်ဦးလေးငယ်လို အပြာစာအုပ်တွေကို လျှော့ဖတ်"

ထွက်သွားသော ရှောင်မိုကို ကြည့်ရင်း သွေးမိစ္ဆာက နှုတ်ခမ်းစူလိုက်သည်၊ "ဧကရာဇ်ဦးလေးငယ်က စာအုပ်မဟုတ်ဘူးလို့ ဘယ်သူပြောလဲ"

မျက်စိတစ်မှိတ်အတွင်းမှာပင် နောက်ထပ် တစ်နှစ်တာ ကုန်လွန်သွားခဲ့လေသည်။

ဤတစ်နှစ်အတွင်း ရှောင်မိုက နဂါးတံခါးအဆင့်သို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့လေသည်။

နဂါးတံခါးအဆင့်သည် ကျင့်ကြံသူတစ်ဦးအတွက် ဒုတိယမြောက် အကြီးမားဆုံး အတားအဆီးတစ်ခုဖြစ်ပြီး ငါးကြင်းတစ်ကောင်က နဂါးတံခါးကို ခုန်ပျံကျော်လွှားခြင်း နှင့် မကြာခဏ ခိုင်းနှိုင်းလေ့ရှိကြသည်။ ကျင့်ကြံသူအများစုက ဘေးဒဏ်ခံယူခြင်းနှင့် အဆင့်ချိုးဖျက်နိုင်ရန် အခွင့်အလမ်းများကို တိုးမြှင့်ရန်အတွက် ကောင်းကင်နှင့်မြေကြီး၏ ရတနာအမျိုးမျိုးကို ပြင်ဆင်လေ့ရှိကြသည်။

သို့သော် ရှောင်မိုက မည်သည့် ဝိညာဉ်ဆေး သို့မဟုတ် ဝိညာဉ်ဆေးလုံး များကိုမျှ မစားသုံးခဲ့သလို မည်သည့် မှော်ရတနာများကိုမျှလည်း အသုံးမပြု ခဲ့ချေ။

သူ၏ ယခင် အဆင့်ချိုးဖျက်မှုများကဲ့သို့ပင် သူက နဂါးတံခါး ကို အလွယ်တကူပင် ခုန်ပျံကျော်လွှားသွားခဲ့လေသည်။

တကယ်တမ်းတွင်မူ နဂါးတံခါးအဆင့်သို့ သူ ဖြတ်ကျော်ဝင်ရောက်သွား သည့် အခိုက်အတန့်မှာပင် သူက နဂါးတံခါးအဆင့်၏ အလယ်ပိုင်းအဆင့် သို့ ချက်ချင်း ရောက်ရှိသွားခဲ့လေသည်။

ရှောင်မို၏ ပါရမီက သွေးမိစ္ဆာကို အကြိမ်ကြိမ် အံ့အားသင့်စေခဲ့ဖူး သော်လည်း ဤတစ်ကြိမ်တွင်တော့ ရှောင်မိုက သူမ၏ စိတ်ကူးယဉ်မှန်းဆ နိုင်စွမ်းကို အမှန်တကယ်ပင် ကျော်လွန်သွားခဲ့လေသည်။

"ဒီလို ပါရမီမျိုးနဲ့သာဆိုရင် သူသာ ဝိညာဉ်စွမ်းအင်တွေ အထူထပ်ဆုံးဖြစ် တဲ့ ရှေးဟောင်းခေတ်မှာ ရှိနေခဲ့မယ်ဆိုရင် ဒဏ္ဍာရီလာ ပျောက်ဆုံးနေတဲ့ အဆင့်နှစ်ခုဆီ ရောက်ဖို့က သူ့အတွက် အားစိုက်ထုတ်စရာတောင် လိုမှာ မဟုတ်ဘူး"

သွေးမိစ္ဆာက သူမ၏ နှလုံးသားထဲတွင် သက်ပြင်းချလိုက်လေသည်။

"ဆရာ၊ နဂါးတံခါးအဆင့်ကို ချိုးဖျက်လိုက်တာနဲ့ တစ်ပြိုင်နက် နဂါး တံခါးအဆင့်ရဲ့ အလယ်ပိုင်းအဆင့်ကို ချက်ချင်းရောက်သွားတဲ့လူ ရှိဖူးလား ဟင်"

သွေးမိစ္ဆာ အတွေးနက်နေချိန်မှာပင် သူမ၏ဘေးရှိ ယွီယွင်ဝေ့က မေး လိုက်လေသည်။

"ဘာလို့ မရှိရမှာလဲ" သွေးမိစ္ဆာက သူမ၏ ဖြူဖွေးသော မေးစေ့ကို မော့

ကာ ယွီယွင်ဝေ့၏ ခေါင်းကို ပွတ်သပ်လိုက်သည်၊ "ငါ့ အရင်တုန်းက နဂါးတံခါးအဆင့်ကို ဝင်ရောက်တုန်းကဆိုရင် ချက်ချင်းကို ပြီးပြည့်စုံခြင်းအဆင့် ရောက်လုနီးပါး ဖြစ်သွားတာ။ ဒီကောင်လေးက လိုအပ်ချက် နည်းနည်း ရှိနေသေးတယ်"

"ဆရာက အရမ်းတော်တာပဲ"

ယွီယွင်ဝေ့၏ မျက်လုံးများထဲတွင် ကြယ်လေးများ တောက်ပသွားလေသည်။

"တော်တာပေါ့ ဟင်းဟင်း" သွေးမိစ္ဆာက ဆွဲဆောင်မှုရှိစွာ ပြုံးလိုက်သော်လည်း သူမ၏ အပြုံးက အနည်းငယ် အတင်းအကျပ် ဖန်တီးထားပုံရလေသည်။

ရှောင်မို နဂါးတံခါးအဆင့်သို့ ဝင်ရောက်သွားသော နေ့မှာပင် သွေးမိစ္ဆာက ရှောင်မို၏ နဂါးတံခါးအဆင့်သို့ ချိုးဖျက်နိုင်မှုကို ဂုဏ်ပြုရန်အတွက် အနန္တတာအိုမြို့တော်ရှိ စားသောက်ဆိုင်တစ်ခုမှ ဟင်းလျာများ အပြည့်ပါသော စားပွဲတစ်ခုံနှင့် သေရည်ကောင်း အိုးအနည်းငယ်ကို မှာယူခဲ့လေသည်။

ညဘက်၊ ရဲ့ရှယ်တောင်ထွတ်၏ တောင်ထိပ်တွင်။

ကြယ်ရောင်စုံသော ကောင်းကင်ကြီးအောက်တွင် သွေးမိစ္ဆာက သေရည်အိုးကို မြှောက်ကာ သူမ၏ ပန်းရောင်သန်းနေသော ပါးလွှာသည့် နှုတ်ခမ်းများပေါ်သို့ တိုက်ရိုက် လောင်းချလိုက်လေသည်။

သူ့ကို ဂုဏ်ပြုသည်ဆိုသည်မှာ ဟန်ဆောင်မှုသာဖြစ်ပြီး သူမ၏ စစ်မှန်သော ရည်ရွယ်ချက်မှာ သေရည်သောက်ရန်သာ ဖြစ်ကြောင်း ရှောင်မို ခံစားလိုက်ရလေသည်။

"ဘာလို့ ကြည့်ပဲနေတာလဲ။ မင်းလည်း သောက်လေ"

သွေးမိစ္ဆာက သူမ၏ နှုတ်ခမ်းထောင့်မှ သေရည်များကို သုတ်လိုက်လေသည်။ သူမ၏ အနီရောင်ဖျော့ဖျော့ ဂါဝန်ကော်လာမှာ သေရည်များဖြင့် ရွှဲရွှဲစိုနေပြီဖြစ်ပြီး သူမ၏ နှင်းပွင့်အလား ဖြူဖွေးကာ တောင်ကုန်းလေးများအလား မို့မောက်နေသော ရင်အုံတွင် တင်းကျပ်စွာ ကပ်နေလေသည်။

"ကျွန်တော်က ငယ်သေးတယ်၊ သေရည်မသောက်ဘူး" ရှောင်မိုက ဟင်းတစ်လုတ် စားရင်း လက်ဖက်ရည်တစ်ငုံ သောက်ကာ ပြောလိုက်လေသည်။

"ယွင်ဝေ့၊ မင်းကော သောက်မလား" သွေးမိစ္ဆာက ယွင်ဝေ့ထံသို့ သေရည်အိုးကို ကမ်းပေးရင်း ပြုံးကာ မေးလိုက်လေသည်။

"ကျွန်မ..." ယွီယွင်ဝေ့က သေရည်အရသာကို တကယ် မြည်းစမ်းကြည့်ချင်နေလေသည်၊ အဘယ်ကြောင့်ဆိုသော် သူမ တစ်ခါမျှ မသောက်ဖူးသောကြောင့်ပင်။

သို့သော် ယွီယွင်ဝေ့က သူမ၏ဘေးရှိ ဂိုဏ်းတူအစ်ကိုကို တစ်ချက် လှမ်းကြည့်လိုက်သည်၊ သူမ၏ ဂိုဏ်းတူအစ်ကိုက သူမကို သေရည်သောက်ခွင့် လုံးဝ မပြုခဲ့ချေ။

ယွီယွင်ဝေ့က ခေါင်းယမ်းကာ ချိုသာစွာ ပြုံးရင်း ပြောလိုက်ရုံသာ တတ်နိုင်တော့သည်၊ "ဆရာ၊ ကျွန်မ မသောက်တော့ဘူး"

"ရပါတယ်၊ ရပါတယ်။" သွေးမိစ္ဆာက သူမ၏ အလွန်အမင်း မို့မောက်နေသော ရင်ဘတ်ကို ပုတ်လိုက်သည်၊ "ဆရာက အထူးခွင့်ပြုချက် ပေးတယ်။ ဒီနေ့ မင်း သောက်လို့ရတယ်။ ရှောင်မိုက မင်းကို ဆူရဲရင် ဆရာက မင်းဘက်ကနေ ရပ်တည်ပေးမယ်"

"အဲဒါက..." ယွီယွင်ဝေ့က ရှောင်မိုကို ထပ်မံကြည့်လိုက်လေသည်။

ရှောင်မိုင်၏ မျက်နှာအမူအရာက တည်ငြိမ်နေလေသည်၊ သူက သူ၏ ထမင်းကိုသာ စားနေလေသည်။

"နေပါစေ ဆရာ" ယွီယွင်ဝေ့က သူမ၏ ဂါဝန်စွန်းကို ဆုပ်ကိုင်ကာ အပြင်းအထန် ခေါင်းယမ်းလိုက်လေသည်၊ "ယွင်ဝေ့ ကြီးလာမှပဲ ဆရာနဲ့ အတူတူ သောက်ပါ့မယ်"

"ဟွန့်၊ အဲဒီကောင်လေးရဲ့ စကားတွေက ငါ့ထက်တောင် ပိုအရာရောက်နေပါလား" သွေးမိစ္ဆာက နှုတ်ခမ်းစူလိုက်ပြီး ဆက်လက်မတိုက်တွန်းတော့ဘဲ သေရည်အိုးကို မြှောက်ကာ ဆက်သောက်နေလေတော့သည်။

သွေးမိစ္ဆာက သေရည်အရှိန်ပြေစေရန် ဝိညာဉ်စွမ်းအင်များကို အသုံးမပြုခဲ့ချေ၊ ထို့အပြင် သူမ သောက်နေသော သေရည်မှာ သေရည်တောင်ထွတ်မှ ချက်လုပ်ထားသော မသေမျိုးယစ်မူးသေရည်ပင် ဖြစ်လေသည်။

သေရည်အိုး အနည်းငယ်အကြာ၊ ဟင်းလျာများကိုလည်း သိပ်မစားဘဲနှင့် သွေးမိစ္ဆာမှာ စားပွဲပေါ်သို့ မှောက်ကျသွားလေတော့သည်။

"ဒီအမျိုးသမီးတော့လေ..."

သူမက သေရည်အိုးကို ဖက်ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ကို မြင်သောအခါ ရှောင်မိုက ခေါင်းမယမ်းဘဲ မနေနိုင်ခဲ့ချေ။

"ယွင်ဝေ့၊ ထမင်းဟင်းနဲ့ ပန်းကန်တွေကို ရှင်းထားလိုက်တော့။ သူ့ကို ငါ ပြန်ပို့လိုက်မယ်" ဟု ရှောင်မိုက ပြောလိုက်သည်။

"ဟုတ်ကဲ့ပါ ဂိုဏ်းတူအစ်ကို" ယွီယွင်ဝေ့က ခေါင်းညိတ်လိုက်ပြီး ပန်းကန်ခွက်ယောက်များကို စတင်ရှင်းလင်းလိုက်လေသည်။

ရှောင်မိုက သွေးမိစ္ဆာကို ကျောပိုးကာ သူမ၏ ခြံဝန်းဆီသို့ လျှောက်သွားလေသည်။

ရှောင်မို၏ ကျောပေါ်တွင် သွေးမိစ္ဆာက အိပ်ချင်မူးတူးဖြင့် နိုးလာပြီး လေတချဉ်းချဉ်းတက်ကာ သေရည်နံ့များ ပြင်းထန်စွာ ထွက်ပေါ်နေလေသည်၊ "ဟင်၊ ငါ့သေရည် ဘယ်ရောက်သွားလဲ"

"ဆက်မသောက်နဲ့တော့" ရှောင်မိုက စကားဆွံ့အစွာဖြင့် ပြောလိုက်သည်၊ "သေရည် ကုန်သွားပြီ။ ခင်ဗျားကို ခင်ဗျားရဲ့ ခြံဝန်းဆီ ပြန်ပို့ပေးနေတာ"

"အို၊ ဝူး" သွေးမိစ္ဆာက သူမ၏ လက်မောင်းများကို ရှောင်မို၏ လည်ပင်းတွင် ရစ်ပတ်လိုက်ပြီး အရူးတစ်ယောက်အလား ရယ်မောလိုက်လေသည်၊ "ဟဲဟဲဟဲ၊ တပည့်လက်ခံရတာကလည်း တော်တော်လေး ကောင်းသားပဲ။ မူးနေတဲ့အချိန်ဆို အိမ်ပြန်ပို့ပေးမယ့်လူ ရှိတာပေါ့"

ရှောင်မိုက သက်ပြင်းချလိုက်သည်၊ "နောက်တစ်ခါဆိုရင်တော့ ခင်ဗျားကို တောင်အောက်ကို တိုက်ရိုက် ပစ်ချလိုက်မယ်"

"မင်းကောင်စုတ်လေး" သွေးမိစ္ဆာက သူမ၏ နူးညံ့သော လက်ချောင်းလေးဖြင့် ရှောင်မို၏ ပါးပြင်ကို ထိုးလိုက်သည်၊ "မင်းရဲ့ ဆရာအပေါ် အမြဲတမ်း ရိုသေမှုမရှိဘူး"

"ခင်ဗျားက အရင်ဆုံး ဆရာတစ်ယောက်လို ပြုမူဖို့ လိုတယ်" ရှောင်မိုက သွေးမိစ္ဆာ ပြုတ်မကျစေရန် သူမ၏ ပေါင်ကို အထက်သို့ ပင့်မလိုက်ရင်း ပြောလိုက်လေသည်။

"ငါက ဘယ်လိုလုပ်ပြီး ဆရာတစ်ယောက်လို မပြုမူရမှာလဲ" သွေးမိစ္ဆာက ရှောင်မို၏ ကျောပေါ်တွင် သူမ၏ သွယ်လျသော ခါးကို ဆန့်လိုက်ပြီး ကလေးတစ်ယောက်ကဲ့သို့ပင် အသံကျယ်လောင်စွာ အော်ဟစ်လိုက်သည်၊ "ငါက အရမ်းကို ဆရာတစ်ယောက်လို ပြုမူနေပါတယ်နော်၊ ဟုတ်ပြီလား"

"ကောင်းပါပြီ၊ ကောင်းပါပြီ၊ ကောင်းပါပြီ"

သေရည်မူးနေသူတစ်ယောက်ကို ရင်ဆိုင်ရချိန်မှာ သူက ဘာများ ဆက်ပြောနိုင်ဦးမည်နည်း။

သို့သော် သေချာတွေးကြည့်လျှင် ရှောင်မိုက သွေးမိစ္ဆာ ဤမျှလောက် အမူးလွန်ကာ ကလေးတစ်ယောက်အလား ပြုမူနေသည်ကို ပထမဆုံး အကြိမ် မြင်တွေ့ရခြင်းပင် ဖြစ်သည်။

"ရှောင်မို" သွေးမိစ္ဆာက ရှောင်မို၏ ခေါင်းကို ပွတ်သပ်ရင်း ခေါ်လိုက်လေသည်။

"ဘာဖြစ်လို့လဲ"

"ဆရာ လို့ ခေါ်ပြစမ်းပါ၊ ငါ ကြားချင်လို့"

"မခေါ်ဘူး"

"တစ်ခါလောက်ပဲ ခေါ်ပြပါ"

"မခေါ်ပါဘူးဆို"

"မြန်မြန်လေး တစ်ခါလောက်ပဲ၊ တစ်ခါလောက်ပဲ၊ တစ်ခါလောက်ပဲ ခေါ်ပြပါ..." သွေးမိစ္ဆာက မိန်းကလေးငယ်တစ်ဦးအလား ဂျီကျနေလေသည်။

ရှောင်မိုက ကူကယ်ရာမဲ့စွာဖြင့် သက်ပြင်းချလိုက်သည်၊ "ဆရာ"

"မင်းအသံက တိုးလွန်းတယ်။ မင်းရဲ့ဆရာက မကြားလိုက်ဘူး"

"ဆရာ"

"ထပ်အော်ပါဦး။ မင်းရဲ့ဆရာက မကြားရသေးဘူး"

"ဆရာ"

ရှောင်မိုက အသံကျယ်လောင်စွာ အော်ဟစ်လိုက်ရာ သူ၏ အသံက တောင်တန်းများနှင့် သစ်တောများတစ်လျှောက် ပဲ့တင်ထပ်သွားလေသည်။

"အေး" သွေးမိစ္ဆာက ပြန်ထူးလိုက်ပြီး ရှောင်မို၏ ကျောပေါ်တွင် ကျေနပ်စွာ မှီလျောင်းရင်း သူမ၏ မျက်လုံးများက ပျော်ရွှင်စွာ ကွေးညွတ်သွားလေသည်၊ "မင်း ငါ့ကို ဆရာလို့ ခေါ်သေးတာပဲ"

ရှောင်မို - "..."

"တပည့်" သွေးမိစ္ဆာက ရှောင်မို၏ လည်ပင်းကို မှီလိုက်သည်၊ "တစ်ခုလောက်တော့ မင်းရဲ့ဆရာကို ကတိပေးမလား"

"ဘာကိစ္စလဲ" ရှောင်မိုမှာ ထုံကျဉ်နေပြီ ဖြစ်သည်။ သွေးမိစ္ဆာ၏ ခြံဝန်းက ဤမျှလောက် အဝေးကြီးဖြစ်နေသည်ဟု သူ ပထမဆုံးအကြိမ် ခံစားလိုက်ရခြင်းပင်။

"နောင်တချိန်ကျရင် မင်းနဲ့ ယွင်ဝေ့က ဂရုစိုက်ကြရမယ်နော်၊ ပြီးတော့ မသေအောင်ကြိုးစားမယ်လို့ ကတိပေး၊ ဟုတ်ပြီလား"

"ခင်ဗျားက ကျွန်တော်တို့ သေသွားမှာကို တကယ် စိတ်ပူနေတာပဲ" ရှောင်မိုက ရယ်မောရင်း ပြောလိုက်လေသည်။

"သေချာတာပေါ့" သွေးမိစ္ဆာ၏ အသံက ပိုမို တိုးညှင်းသွားပြီး သူမ၏ အသိစိတ်မှာ အမြင့်သို့ ပျံသန်းနေသော စွန်တစ်ကောင်အလား အချိန်မရွေး ကြိုးပြတ်ထွက်သွားတော့မည့်ပုံ ပေါက်နေလေသည်၊ "မင်းတို့တွေ သေသွားရင်... ငါ... ငါ အရမ်း ဝမ်းနည်းမှာပေါ့"

ရှောင်မို - "..."

"မြန်မြန် ကတိပေး၊ ကတိပေး၊ ဟုတ်ပြီလား။ ကတိပေး၊ ငါ့ကို ကတိပေး"

သွေးမိစ္ဆာ၏ နောက်ဆုံး တောင်းဆိုမှုလေး တိတ်ဆိတ်သွားသည်နှင့်အမျှ သူမက ရှောင်မို၏ လည်ပင်းကို မှီကာ ထပ်မံစကားမဆိုတော့ချေ။ သူမ၏ ညီညာသော အသက်ရှူသံများကသာ ရှောင်မို၏ ပါးပြင်ကို ညင်သာစွာ လာ

ရောက်ပွတ်တိုက်နေလေသည်။

ရှောင်မိုက တစ်လှမ်းချင်း ရှေ့သို့ လျှောက်သွားလေသည်။ လရောင်က ဆရာနှင့် တပည့် နှစ်ဦးအပေါ်သို့ ကျရောက်လင်းထိန်နေပြီး လေပြေက သူ၏ အသံကို သယ်ဆောင်သွားလေသည်၊

"ကောင်းပါပြီ ခင်ဗျားကို ကျုပ်ကတိပေးတယ်၊ ယွင်ဝေ့ကို မသေစေရဘူး"

***